

မြန်မာမှကမ္ဘာ့

# ဦးသန့်


စာတည်းသွန်း
ဒေါ်ကြည်ကြည်ငြိမ်း
MOVING FORWARD TOGETHER

ကာတွန်း
တင်အောင်နီ နှင့် ဝင်းမြင့်အောင်
ပူးပေါင်းရေးဆွဲသည်။

မြန်မာမှုကမ္ဘာ့

# ဦးသန့်

# ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ

ဒေါ်ကြည်ကြည်ငြိမ်း

MFT Publication

ပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၀၁၄၄၉)

အမှတ် (၆၆)၊ မြေညီထပ်၊ ရတနာလမ်း၊

(၃) ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၀၁ ၅၀၃ ၇၀၅၊ ၀၉ ၇၃ ၂၁၉၃၁၈

မတ်လ၊ ၂၀၁၇

ပုံနှိပ်သူ

ဖိုးပြည့်ပုံနှိပ်တိုက် (၀၀၆၃၉)

အမှတ် (၄၁)၊ ၆ လမ်း၊ မင်္ဂလာဒုံစက်မှုဇုံ၊

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ထုတ်ဝေမှုတာဝန်ခံ

ဖြိုးဝေထွန်း

Partner

Media & Printing Service

Ph: 09 797912644

ဖြန့်ချိမည့် အုပ်ရေ

၄၀၀၀

# ကျေးဇူးတင်လွှာ

Movinging Forward Together အနေဖြင့် မြန်မာပြည်အတွက် လိုအပ်နေသော "ပညာပေးပုံရေး အတ္ထုပ္ပတ္တိစာအုပ်" စီမံကိန်းအမည်ဖြင့် The Nippon Foundation ၏ ငွေကြေးပံ့ပိုးမှုဖြင့် ဇာတ်ညွှန်းရေးသား၊ ပုံနှိပ်ထုတ်ဝေခွင့်ရရှိသည့်အတွက် အတိုင်းမသိ ကျေးဇူးတင်ပါသည်။

အထူးအားဖြင့် ဤစာအုပ်မူကြမ်းအား လက်ခံဖတ်ကြားပေးပါသော ဦးသန့်၏ မြေး ဒေါက်တာသန့်မြင့်ဦးနှင့် ဇနီး Ms. Sofia Busch အားလည်းကောင်း၊ United Nations Information Centre မှ ဦးအေးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ ကုလသမဂ္ဂအဆောက်အဦး ဓါတ်ပုံများကို ရိုက်ကူးပေးပို့ပါသော ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းအသံအမတ်ရုံးမှ သံမှူးဦးရဲမင်းသိမ်းအား လည်းကောင်း၊ ဦးသန့်၏ ဘဝဖြစ်စဉ်သည် ကလေးသူငယ်များအတွက် စံနမူနာယူထိုက်၍ သင်ယူစရာများစွာပါဝင်သော စာအုပ်ထုတ်ဝေသင့်ကြောင်း ပြောကြားလာသော Assiciation for Region Tanjoji International Coorperation မှ Mr. Nobuyuki Hirano အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း လေးစားစွာဖြင့် ဖော်ပြအပ်ပါသည်။ ဦးသန့်၏ ဘဝရုပ်သွင်အား ရုပ်လုံးကြွအသက်ဝင်လာစေရန် စိတ်ရောကိုယ်ပါအာရုံနှစ်၍ ကာတွန်းရေးဆွဲပေးပါသော ကာတွန်းပညာရှင် ဆရာဦးတင်အောင်နီနှင့် ဦးဝင်းမြင့်အောင်တို့အား ဂုဏ်ယူကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်စေရေးအတွက် ပုံနှိပ်မှုအပိုင်း တာဝန်ယူဆောင်ရွက်ပေးသော ကိုဖြိုးဝေထွန်း (Partner Media & Printing) အား ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

# ဦးသန့်၏ကိုယ်ရေးအကျဉ်းချုပ်



၁၉၂၆ · ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်။

၁၉၄၈ မေ ၁ · ပြန်ကြားရေးဌာန လက်ထောက်အတွင်းဝန်အဖြစ် ခန့်အပ်ခြင်းခံရ။

၁၉၅၄ ဇန်နဝါရီလ· ဝန်ကြီးချုပ်၏ လက်ထောက်အတွင်းဝန်ဖြစ်။

၁၉၅၇ ဇန်နဝါရီလ ၄ · စည်သူဘွဲ့ ချီးမြှင့်ခြင်းခံရ။

၁၉၀၉ · ဇန်နဝါရီလ ၂၂ · ပန်းတနော်တွင်ဖွားမြင်။

၁၉၄၄ · မြန်မာကျောင်းစတက်။

၁၉၂၆ · ပန်းတနော်မြို့ဆယ်တန်းစာမေးပွဲ အောင်မြင်။

၁၉၂၈ · အထက်တန်းပြ ဆရာဖြစ်လာ။

၁၉၃၁ · ကျောင်းအုပ်ဆရာကြီးအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရ။

၁၉၃၄ · မြို့ပြပုံပြင်များ စာစဉ်အဖြစ် ဥရောပမြို့ကြီး ၁၃မြို့အကြောင်းရေးသားထုတ်ဝေ။



၁၉၅၇ ဩဂုတ် ၁ - မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်း ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရ။

၁၉၆၁ ဇန်နဝါရီလ ၄ - မဟာစည်သူဘွဲ့ ချီးမြှင့်ခံရ။

နိုဝင်ဘာ ၃ - အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခံရ။

၁၉၇၁ ဒီဇင်ဘာလ - ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ရာထူးမှအနားယူ။

၁၉၇၄ နိုဝင်ဘာလ ၂၅ - ကင်ဆာရောဂါဖြင့် ကွယ်လွန်။



# မြန်မာမှကမ္ဘာ့ဦးသန့်

## မာတိကာ




ကျေးဇူးတင်စကား --------

ဦးသန့်၏ကိုယ်ရေးအကျဉ်းချုပ် --------



(အခန်း) ၁။ ချစ်စဖွယ် ကလေးငယ် (စာမျက်နှာ) ၅

၂။ ကျောင်းသားကလေးမောင်သန့် ၈

၃။ အင်္ဂလိပ်စာနှင့် သူ့ဝါသနာ ၁၄

၄။ နူးညံ့သောစိတ် ၂၄

၅။ ကျောင်းတော်ကြီးရဲ့ အလယ် ၃၂



၆။ အေးချမ်းပျော်ရွှင်စရာ အချိန်အခါ ၃၈

၇။ ပြောင်းလဲတော့မည့်ဗမာပြည် ၄၇

၈။ စစ်ပြီးခေတ် ဗမာပြည်မှသည် ပြည်တော်သာ၏ခရီး ၆၀

၉။ မြန်မာ့ငြိမ်းချမ်းရေးမှသည် ကမ္ဘာ့ငြိမ်းချမ်းရေးဆီသို့ ၇၀



၁၀။ တစ်ခုတည်းသောကမ္ဘာသို့ ၈၆

၁၁။ ငြိမ်းချမ်းပါစေကမ္ဘာမြေ ၉၆

၁၂။ ပန်းပျိုးလက်၏မျိုးဆက်အမွေ ၁၀၇

# ချစ်စဖွယ် ကလေးငယ်


ကမ္ဘာမှာ မြန်မာမှ ဦးသန့်ဟု
ထင်ရှား ကျော်ကြားမည့်
မောင်သန့်ကို အဘ ဦးပို့နှင့်
အမိ ဒေါ်နန်းသောင်တို့မှ ၁၉၀၉ ခုနှစ်
ဇန္နဝါရီလ ၂၂ ရက်နေ့တွင် ပန်းတနော်
မြို့နယ်တွင် မွေးဖွားခဲ့သည်။
မိဘများမှာ လယ်ယာမြေများ
ပိုင်ဆိုင်လျက် ဆန်စက်လုပ်ငန်း
လုပ်ကိုင်သည်။
ပန်းတနော် မြို့တွင်
မောင်သန့်၏ဖခင်မှာ
အင်္ဂလိပ်စာ ကို
ရေးနိုင် ပြောနိုင်သော
တစ်ဦးတည်း သော
ပုဂ္ဂိုလ်ဖြစ် သည်။


မောင်သန့် ဖခင်မှာ ယခင်က
အိန္ဒိယနိုင်ငံမှ ကောလိပ်တွင်
ကျောင်းတက်ခဲ့သူ ဖြစ်သည်။
Human
Geography
History
Buddha Diary
Animal
Politic
မိဘနှစ်ပါးမှာ စိတ်နှလုံးကောင်းကြသဖြင့်
လူချစ်လူခင်များပြီး လေးစားခြင်းခံကြရ၏
ဆေပါ့မျာ
သူရိယသတင်းစာတွင် မင်းလေခင်း
မောင်သန့်သတင်းကိုဖတ်ရှုရာမှ
ရုပ်ရည်သန့်ပြန့်သော သားကြီးအား
မောင်သန့်ဟု မိဘများက အမည်
ပေးကြလေသည်။
သောကြာနေ့မွေးသော ကလေးမို့
မောင်သန့်အမည်မှာသင့်တော်ပါ၏။
မောင်သန့်ကျောင်းတက်သည့်အရွယ်
ရောက်သောအခါ...


ဆရာကြီး ဦးသာပန်၏ မြန်မာ
ကျောင်းတွင် အပ်နှံရာ
က ကာ ကား
ကိ ကီ ကု ကူ
ကူး
ဆရာက မောင်သန့် အရွယ်ရောက်
လာလျှင် ပညာဉာဏ် ထက်မြက်ပြီး
ကမ္ဘာကျော်အောင် ထင်ရှား
လိမ့်မည်ဟုဟောကိန်းကြိုထုတ်
လေသည်။
ခေသူ
မဟုတ် ...


ရှုလတန်း ကျောင်းသား မောင်သန့်လေးသည် အုတ်ခဲလမ်းလေးတစ်လျှောက်
လမ်းကားဖုန်လမ်း လေး တစ်လျှောက်
ဟေးကို...
ဟေးကို...
လမ်းသွားယာဉ်များကို ရှောင်ဖယ်ရင်း


ဆရာကြီး ဦးဘဟန် မြန်မာ ကျောင်း ရှိရာသို့
ဒါ.. ဘာလဲ
နှစ်နှစ်ကျော်တိုင်...
လမ်းလျှောက်လျက် ပုံမှန် ကျောင်းတက် လေသည်။
မောင်သန့်လေးက ပင်ပန်းသည်ဟု မထင်


စာရေးတတ် ဖတ်တတ်ဖို့
ဒီလောက်တော့ အပင်ပန်း
ခံရပေမပေါ့ဟု မှတ်ယူကာ
ပျော်ရွှင်စွာဖြင့်စာကိုအချိန်မှန်ကျက်မှတ်
လေ့ကျင့်လေသည်။
မောင်သန့်လေး သူငယ်တန်းမှ
ပထမတန်း ရောက်သော်...
ပန်းတနော်မြို့တွင် ပထမဆုံး......


အင်္ဂလိပ်စာသင်၊ ဗုဒ္ဓဘာသာ ကလျာဏ
ယုဝ အသင်းကြီး YMBA အလယ်တန်း
ကျောင်းသို့ ပြောင်းရွှေ့ပြီး
ကျောင်းပညာကို အပတ်တကုတ်
ကြိုးစား သင်ယူလေ၏။
ငယ်စဉ်ကပင် စာပေဗဟုသုတ
ဝါသနာပါသူ ဖြစ်လေရာ
ဖခင်ဖတ်ရှုသည့် အင်္ဂလိပ်သတင်းစာ
မြန်မာသတင်းစာများကိုပင် ဖတ်
လာနိုင်လေတော့သည်။






ကျွန်းသစ်နှစ်ထပ်အိမ်ကြီး နှင့်ခြံဝင်းအတွင်း
အရိပ်ရသီးပင်များက စာဖတ်ဝါသနာ
ပါသူ မောင်သန့်အဖို့နေရာကောင်းများပင်




ညနေ လေဆာရှေ့မှာ စံပါယ်ရုံမှ
သင်းရနံ့က စာရေးဆရာဖြစ်လိုသူ
မောင်ဇိသနိ့အတွက် ဉာဏ်ကွန့်မြူး
စေသည့် အရာများပင်တည်း
မောင်ဇိသနိ့လေးသည် အရွယ်နှင့်
မလိုက်အောင်ပင် စာပေလေ့လာ၏။
ရှေးမြန်မာစာဆိုများ
ရှေးမြန်မာ စာဆိုများ ရေးသား
ခဲ့သော မြန်မာစာပေကောင်း
များအား ကျောင်းစာကျက်ချိန်ပြင်ပ
တွင် ဖတ်ရှုမှတ်သားလေ့လာ၏


မြန်မာစာပေကိုသာ နှစ်သက်
တတ်သည် မဟုတ်၊


အင်္ဂလိပ် စာရေးဆရာများ၏
စာအုပ် စာစောင်များကိုလည်း
လေ့လာ ဖတ်ရှုလေ့ ရှိသည်။
COUNTY FAIR
COOLIES
APPLES TO OREGON
WAGON WHEELS
On the Banks of Plum Creek
10 CHILDREN'S CLASSICS: 1900s
REBECCA
GONE WITH the WIND
MITCHELL
THE BLUE
NEWS


စာရေးဆရာကြီးလုပ်ဖို့ ဗဟုသုတ
စုံလင်ရမည် ဆိုတော့ စာရေးဆရာကြီး
လုပ်လိုသူ မောင်သန့်လေးလည်း
စာအုပ်မျိုးစုံ ဖတ်လေသည်။
သူသည် စာဖတ်နေရင်း
ပျော်ရွှင်နေတတ်သည်။
ပိမ္မာလိုက်
တာ
ဂါသနာဘာဂီ ဆဏ်တိုင်းမှီ
ဟူသော
စာပေသမားလေးဆိုတော့ လက်ရေး
လက်သားလည်း ကောင်းပါသဗ်။


မောင်သန့်လေးဟာ သူ ဘာလုပ်လုပ် မည်သည့်ကိစ္စကို မဆို ကြိုးကြိုးစားစား လုပ်လေ့ရှိသည်။
ယခင်ကပင် ပန်းချီရေးဆွဲခြင်းကို ဝါသနာပါလေရာ..
မိမိ၏ ကျောင်းပုံ အိမ်ပုံ အစရှိသည့် ပုံတူတွေကို
အားသည့်အခါ မောင်သန့်လေး တစ်ယောက် ရေးဆွဲနေတတ်၏
တော်တယ်
မောင်သန့်၏ ထူးခြားသော အကျင့်လေး တစ်ခုမှာ......







အလယ်တန်းပညာ အောင်မြင်သောအခါ






မောင်သန့်လေးသည် နောင်တစ်ချိန် ကျောင်းဆရာအဖြစ် တာဝန်ယူ ရမည့် ပန်းတခေါ်ဖို့ အမျိုးသား အထက်တန်းကျောင်းမှာ ပညာ ဆက်လက် သင်ယူခဲ့လေသည်။


မောင်သန့်လေးသည် ယဉ်ယဉ်ရွရွဖြင့် ပညာရှူးချစ်သူ ဉာဏ်ကောင်းသူ များအား အားကျတတ်သည်။
ဟူတော်ပ


မိမိကိုယ်တိုင်လည်း ပညာတော်သူ တစ်ယောက်ဖြစ်ဖို့ ခိုင်ခိုင်မာမာ သန္နိဋ္ဌာန် ချ၍ ကြိုးစားတတ်လေသည်။

ဉာဏ်ပညာထက်မြက်ရုံ
သာမက စိတ်နေစိတ်ထား
မြင့်မြတ်ဖို့လည်း အမြဲ
ကြိုးစား၏။









ဥပုသ်ယူခြင်း၊ သီလ
စောင့်တည်ခြင်း။
ဗုဒ္ဓ၏ ဓာလ အဆုံးအမများအား
လေ့လာခြင်း
သံဃ ဝေယျာဝစ္စ ဆောင်ရွက်ခြင်း
တို့ဖြင့် ကုသိုလ် ယူတတ်သေး၏။

နေလတို့ ရွေ့လျားလို့
မောင်သန့်ကလေးလည်း
အမျိုးသား ကျောင်းသား
ဘဝသို့ရောက်လာတော့သည်။





မောင်သန့် ‹၁၄› နှစ် အရွယ်တွင်....




ကျန်ခဲ့သော မိခင်နှင့်ညီငယ်များ အတွက်
အားကိုးအားထားရာ ကိုသန့် ဖြစ်လာရတော့သည်။


ကိုသန့်သည်၊ ဥပိယ် မောင်ခန့်
မောင်ဘောင်းနှင့် မောင်တင်မောင်တို့
စံမူနာယူထိုက်သော အိမ်ကိုကြီး
ဖြစ်နိုင်ရန် ကြိုးစား နေထိုင်၏။
မောင်သန့်တို့ ဥပီအိမ်ကိုရှာ
ယပ်စုံကာပင် ဖိုကျားချမှတ်သော
စည်းကမ်းများအား လိုက်နာကာ
ဂပ်ဂပ် ဂပ်
ချမ်းခင်စွာ နေထိုင်၏




သည်လိုနှင့် အမျိုးသား ကျောင်းသား ကိုသန့် တစ်ယောက်...



# နူးညံ့သောစိတ်


ခုနှစ်မှာ ဆယ်တန်း
စာမေးပွဲကို နှစ်ချီးပေါက်
အောင်မြင်ခဲ့လေသည်။
ကိုသန့်သည် ငယ်စဉ်ကတည်းက
ဗုဒ္ဓ၏ အဆုံးအမနှင့် အညီ
ကြီးပြင်းနေထိုင်သူ ဖြစ်လေရာ..
အရွယ်ရောက်စပြုသည့်အခါတွင်လည်း
ထိုအဆုံးအမအတိုင်း လိုက်နာကျင့်သုံးခဲ့၏


ငယ်စဉ်ကပင်
ရန်ဖြစ်ခြင်း
ရန်ပြုတုံ့ပြန်ခြင်းမျိုးမပြု
နူးညံ့သောစိတ်သဘောနှင့် ပျော့ပျောင်း
သိမ်မွေ့သော အရှုအရာ ရှိလေ၏။



စာတော်ချီ လူချွန်ဆင်ပွဲကိုသန့်သည်၊
မိမိ တတ်ကျွမ်းသမျှ အား ပြန်လည် ရှင်းပြရသည် ကို
ဝမ်းသာပုံ ရလေ၏။
သူကိုယ်တိုင်လေ့လာသင်ယူရာတွင်လည်း နက်နက်နဲနဲထိထိရောက် ရောက် ကြိုးကြိုးစားစား လေ့လာသင်ယူခဲ့သည်


ကိုသန့်သည် အင်္ဂလိပ်စာ၏
အရေးကြီးပုံကို ယပ်စုံကာပင်
သိလေရာ....
အာဟမ်း!
အထူး ကျွမ်းကျင်စေရန်
ယပ်စုံကာပင် ကြိုးစားခဲ့၏
အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့်
ကျွမ်းကျင် ပိုင်နိုင်စွာ မိမိ ပြောလို
သိစေလိုသည့် အရာများကိုရေးသား
ပြောကြားနိုင်ရန် ရေးသား လေ့ကျင့်
လေ့ ရှိ၏။


မြန်မာအကြောင်း ကမ္ဘာက သိဖို့ရာ
မြန်မာစာဖြင့် ရေးသားနေရုံနှင့်
မပြီးနိုင်၊ အင်္ဂလိပ်စာ စကားဖြင့်သာ
ကမ္ဘာက အလွယ်တကူ သိနိုင်မည်။
ထို့ကြောင့် ဇွဲလုံ့လ ဝီရိယ
ကြီးစွာဖြင့် ကြိုးစားသင်ယူ
လေ့ကျင့်ခဲ့၏။
ကိုသန့်သည် ကျန်းမာရေးကို
အထောက်အကူ ဖြစ်စေမည့်
စာအုပ်စာပေကောင်းများ
ကိုလည်း ဖတ်ရှုလေ့လာသည်။






ရေကူးခြင်း



ခြင်းလုံး ခတ်ခြင်း




အခါရှိသော မိမိနှင့် သင့်တင့်သော ကိုယ်လက်လှုပ်ရှား အားကစားကို အရွယ်ချင်းများနှင့် အတူ ပြုလုပ် လေ့ ရှိသည်။



သည်လိုနှင့် ၁၉၂၈ ခုနှစ် ဆယ်တန်း စာမေးပွဲ အောင်မြင်ပြီးနောက်




တက္ကသိုလ်ပညာ ဆည်းပူးရန်
ရန်ကုန်မြို့သို့ ကိုသန့် ရောက်ခဲ့
ရတော့သည်။

# ကျောင်းတော်ကြီးရဲ့အလယ်


တကောင်းကျောင်းဆောင် ပုဂံ ကျောင်းဆောင် ဓေအောင်ကျောင်း ဆောင်များတွင် ကျောင်းအိပ် ကျောင်းစားနေ၍ပညာသင်ကြားသည်။
ကိုသန့်သည် ဝိဇ္ဇာပညာရပ် အင်္ဂလိပ်ဘာသာနှင့် မြန်မာ ဘာသာကို ပင်ရင်းဘာသာ ယူကာ...
မြန်မာစာပေသမိုင်း သင်္ချာနှင့် အတွေး အခေါ် ဘာသာရပ်ကို အပိုဘာသာ အဖြစ် ယူလာရန် ရွေးချယ်ခဲ့သည်။


ပျော်ရွှင်ဖော်ရွေ၍ အပြောအဆို
အမူအရာ နူးညံ့လျက်
ဖော်သူနှင့်မျှလည်း ရှိမြဲဖြစ်တတ်သော
ဝီရိယ ဂုဏ်ရှိသာဖြင့် စာဇာလွှန်တော်သူ
ကိုသန့်အား ခင်မင်သူ များလှ၏။
စာတော်၍ လူချစ်လူခင်ပေါ များသော
တက္ကသိုလ်ကျောင်းသားကိုသန့် သည်...
၃၇


ဒဿနိကဗေဒ ဆရာသင်းကြီး၏
တွဲဖက် အတွင်းရေးမှူး။
စကားရည်လုပွဲ ဆရာသင်းကြီး၏
အထွေထွေ အတွင်းရေးမှူးအဖြစ်
ရွေးကောက်တင်မြှောက်ခြင်းခံရကာ
တစ်ဖက်တွင် ဆောင်းပါးများ
ရေးသားခြင်းကိုလည်း လုပ်ပါလေ
တော့သည်။
တစ်ချိန်တွင် ကမ္ဘာ၌ လူသားများ၊ အကျိုးရှုမျှော် အရေးကြီးသော
တာဝန်ယူရမည့် ဦးသန့်အတွက် ကိုသန့်တစ်ယောက် ခိုင်မာသော
အခြေခံ ပန္နက်ရိုက်မိလေပြီ


ဥပစာ စာမေးပွဲ အောင်မြင်ပြီးနောက် အထက်တန်းပြ ဆရာအဖြစ် ဆောင်ရွက်ရန် မင်းကြီးရှိရာ ပန်းတနော်မြို့သို့ ကိုသန့် ပြန်ခဲ့တော့သည်။
မိမိ၏ ဥပဒေ တက္ကသိုလ် တက်ရန် အလှူသို့ပေးရမည်။
မိမိနှင့်ဥပဒေ တက္ကသိုလ် အတူ တက်ပါက မင်းကြီး ဝန်ပိပေမည်။
သားလေးယောက် တက္ကသိုလ်ပညာသင်ယူရေးသည် ဖခင်ကြီး၏ဆန္ဒ၊ မျှော်လင့်ချက်များပင်၊ ထိုဆန္ဒနှင့်မျှော်လင့်ချက်ကို ကိုသန့်ဖြည့်ဆည်းပေးလို ပေလိမ့်မည်။


ရန်ကုန် တက္ကသိုလ်တွင် ဆင်ခင်ခဲ့သည့်
နောင်တွင် ၇၀ တစ်မျှော်လက်တွဲ
တွေ့ဆုံ၍ ဇမျှား ကောင်းကျိုး
မြန်မာပြည်သူများ၏ကောင်းကျိုးကို
လုပ်ကိုင် ဆောင်ရွက်ကြမည့်၊
သူငယ်ချင်း မိတ်ဆွေများအား
တားခဲ့ရသည်ကို ကိုသန့်
တစ်ယောက် စိတ်ကောင်းမရှိပေ။
ဟေး!



သို့သော်လည်း မိခင်ကြီးကို
လုပ်ကျွေးပြုစုစောင့်ရှောက်ခွင့်နှင့်
မိမိ ဝါသနာပါရာ သင်ကြားရေး
အလုပ် အား လုပ်ကိုင်ရင်း
ဘယ်သူ
အရင်ရောက်
ငါအရင်
ရောက်
အနာဂတ် မျိုးဆက် ကလေးများ
ပျိုးထောင်ခွင့်ရမည့်အရေးက
ကိုသန့်ကို ပျော်ရွှင်ချမ်းမြေ့မှု
ပေးမည်မှာ ဧကန်မလွဲပင်။


အမျိုးသားအထက်တန်း ကျောင်းဆရာဘဝဖြင့် လှုပ်ရှားကောင်း၊
စာပေဆောင်းပါး ကဗျာဝတ္ထုအသွယ်သွယ် တို့ကို ရေးသားရသော စာရေးဆရာ သတင်းစာဆရာ ဘဝဖြင့် လှုပ်ရှားကောင်း
လူငယ်များ အမျိုးသားစိတ်ဓာတ် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခဲ့သည်။
သင်ကြားပို့ချပေးသော အမျိုးသားအထက်တန်း ကျောင်းဆရာ ဆရာကိုသာ ဖြစ်လာရတော့သည်။
သို့နှင့် သဆိုင်း အင်္ဂလိပ်ပြည်သူ့နိတိ သင်္ချာဘာသာရပ်ကိုပိုင်နိုင်စွာ....


ဆရာကိုသန့်သည် ဘာသာရပ်
ဆိုင်ရာတွင်သာ သင်ကြားမှု
ကောင်းသည်မဟုတ်၊
ကျောင်းသားများအား မျိုးချစ်
စိတ်ဓာတ်နှင့် အမျိုးသားရေး
ဆောင်ရွက်လိုစိတ်များ.....
ကိန်းအောင်းလာစေရန်လည်း
သင်ပြ လှုံ့ဆော်ပေးနိုင်၏
မိမိ တစ်ချိန်က ပညာသင်ကြား
ခဲ့ရသော ကျောင်းတော်ကြီးတွင်
ဖြေးဆရာများ၏ ကျေးဇူးအား
အောက်မေ့ကျေးဇူးဆပ်လျက်


မျိုးဆက်သစ်များအား ပျိုးထောင်သော အထက်တန်းပြဆရာ ဦးသန့်အဖြစ် ကျေနပ်လျက် ရှိနေပေသည်။
ဆရာ ဦးသန့်သည် မိမိ လေးစား တန်ဖိုးထားသော ကျောင်းဆရာ ဘဝဖြင့် ရပ်တည်လျက်
တစ်ဘက်တွင်လည်း ဒိလဝပဂုသော အလှူသြဖြင့်စာပေများပုံနှိပ်ထုတ်ဝေခြင်း အလုပ်ကို စတင်လေ၏။
မြန်မာနိုင်ငံ ပညာ ပြန့်ပွားရေးအသင်းမှ ကြီးမှူးသော ကဗျာပြိုင်ပွဲ၌ ပထမဆု


ဂန္ထလောက မဂ္ဂဇင်းတွင်လည်း
အင်္ဂလိပ်မြန်မာ ဘာသာဖြင့်
စာပေများ ကဗျာဆောင်းပါးများကို
၁၉၃၀ ခုနှစ်မှစတင်၍ ရေးခဲ့လေသည်။
တစ်နှစ်ထက် တစ်နှစ် ပိုမို၍
အဓိက တာဝန်ဖြစ်သော
ပညာရေး တာဝန်များ ကိုလည်း
ပိုမို တာဝန်ယူ ဆောင်ရွက်လာရ၏။
မြန်မာနိုင်ငံ ကျောင်းသုံး စာအုပ်ကော်မတီ အမျိုးသား ပညာရေးကော်မတီ
ကျောင်းအုပ်ဆရာများအသင်း အစည်းအဝေး ဖြင့်အလုပ်တာဝန်ပိုများလာပါပြီ


ထိုစေတနာထား ဆောင်ရွက်ချက်များကြောင့်ပင်လား....
ယေရှုယုံသူ ဆရာဦးသန့်သည် ၁၉၃၁ခုနှစ် အသက် ၂၂ နှစ်တွင်...
ပန်းတနော် အမျိုးသား အထက်တန်းကျောင်း၏ ကျောင်းအုပ်ဆရာကြီး ဦးသန့် ဖြစ်လာခဲ့ရသည်။


အလုပ်တာဝန် များပြားလှသည့်
ကြားကပင် ဆရာကြီးဦးသန့်သည်၊
နိပ်တာပဲ
ဗျ
၁၉၃၂ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံ
ပေါင်းချုပ် စာအုပ်၊
၁၉၃၄ ခုနှစ်တွင်မြို့ပြပုံပြင်များ
စာစဉ်အဖြစ် ဥရောပ မြို့ကြီး
၁၃မြို့အကြောင်း တို့ကို
ရေးသား ထုတ်ဝေလိုက်သေး၏
ငါလည်း
ဖတ်ဦးမယ်
ကွာ




ပန်းတနော်မြို့မှ ရှေ့နေ ဦးသင်း၊ ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ကျေး တို့၏ သမီးချော မသိန်းတင်နှင့် လက်ထပ်ခဲ့သည်။






ဘာသာတရား ကိုင်းရှိုင်းကြည်ညိုတတ်သော
လိမ္မာရေးခြားရှိသော မသိန်းတင်နှင့်
ဦးသန့်တို့ စုံတွဲ ဟိုက်ဖက်သိစွာ
ပျော်မွေ့စွာဖြင့် ဘဝခရီး
ဆက်နွှင့် ရခဲ့ပြန်သည်။
ဦးသန့်နှင့် ဒေါ်သိန်းတင်တို့တွင်
သားဦးလေးမောင်ဘိုအား
ဖွားမြင်ခဲ့သည်။


တစ်နှစ်ခန့်တွင် အဖျား
ရောဂါဖြင့် မောင်ဒို
ကွယ်လွန်ခဲ့ရှာသည်
မောင်ဒိုကလေး ကွယ်လွန်ပြီးနောက်...
သမီးလေး မအေးအေးသန္တာနှင့်သားမောင်ဝိတ်မောင်
တို့ကို မွေးသည်။

# (အခန်း) ၇ ပြောင်းလဲတော့မည့်ဗမာပြည်




အကျင့်စာရိတ္တကောင်းမွန်သော
ဗဟုသုတ
များပြားသော..
မိမိအတွက်သာ မဟုတ်၊ သူတစ်ပါး
အတွက်လည်း ဆောင်ရွက်လိုစိတ်
ရှိသော ....


ကိုယ်ချင်းစာ တရား ထားတတ်သော...
ဒါလေး စားလိုက်နော်
တိုင်းသူ ပြည်သား ကောင်း
နိုင်ငံ့သား ကောင်းများ
ပျိုးထောင်နိုင်ရန်


မြန်မာ့ ပညာရေး စီမံကိန်းသစ် ဟူသည့် စာတမ်း ကိုရေးဆွဲလျက်
ကျောင်းပိတ်ရက်များတွင် ဆရာ ဆရာမ များအား ခေတ်သစ် ပညာသင်တန်း ဖြင့်
ပြည်ရေး ပြည်ရာ သင်ကြားနည်းများ ပို့ချခဲ့သည်။
၁၉၄၈ ခုနှစ်မှာတော့....


ဗမာသစ် နှင့် ပညာသစ်
ဦးသန့်
စာအုပ်အား ထုတ်ဝေခဲ့သည်။
ဦးသန့်သည် လက်နက်ဆွဲကိုင်၍ လက်ရုံးရည်ဖြင့် တိုက်ခိုက်ရသော လွတ်လပ်ရေးတိုက်ပွဲတွင်မပါဝင်ပေ။


နှလုံးရည်ဖြင့်သာ တိုက်ခိုက် အောင်မြင်ရသော တိုက်ပွဲများတွင် ဦးသန့်ကို ထိပ်ဆုံးမှ ပါဝင်ခဲ့သည်ကို တွေ့ရပေလိမ့်မည်။
ဦးသန့် ရေးသားခဲ့သော ဆောင်းပါးများမှ ဦးသန့်၏ မြန်မာစာပေ အရေးအသား ကြွယ်ဝလျက် ရသ မြောက်စွာ..
မြန်မာပြည် ကျေနပ်စေသည့် ရေးသားဟန်နှင့် အတူ....




အမြဲရှာ ပျောက်လှမ်းနေသူ ခရီးသွား၏ ဖာဖွေ တွေးခေါ်ခြင်း မျိုးလည်း တင်ပြထားတတ်သည်။


သူ၏ အမြင်ကိုလည်း ပွင့်ပွင့်လင်းလင်း တင်ပြ ဆွေးနွေးထားတတ်သည်။
စာဖတ်သူများကိုလည်း စဉ်းစား တွေးခေါ် စေခြင်းနှင့်အတူ
တက်ကြွမှုများ ပါဝင်လာစေသည်။


စာရေးဆရာ တစ်ဖြစ်လဲ
ဦးသန့်၏ ပညာရေးနှင့်
အမျိုးသားစာပေ မြင့်မားလာစေရန်
စေတနာထားမှုကို သူ၏ ရေးသား
ဟန်များမှ ခံစားသိမြင်နိုင်ပေသည်။


လူငယ်များ မျိုးချစ်စိတ်ဓာတ်
ထက်သန်စေရန် စာပေမှလည်းကောင်း
ပညာမျှဝေသော ဆရာအဖြစ်လည်းကောင်း
ဆရာကြီး ဦးသန့် မအားလပ်ခဲ့ပေ။
လကိုနှစ်စားလို့....
ဒုတိယကမ္ဘာစစ်
ဂျပန်ခေတ် တို့ကို ...


ကျောင်းအုပ်ဆရာကြီး ဦးသန့်နှင့် စာဝရူ
မြန်မာပြည်သူပြည်သားအား လုံး
ကြုံလာရသည်။


ကမ္ဘာစစ်နှင့် ကျူးကျော်စစ်များ၏
မငြိမ်းချမ်းမှု ဆင်းရဲမှု..
ပူလောင်မှု မလုံခြုံမှု အကာအကွယ်မဲ့မှု
များကို...


ထိတ်လန့် ငြီးငွေ့ဖွယ်ရာ တွေ့ကြုံခဲ့ကြရ ။


မြန်မာတစ်ပြည်လုံး ထိုဘေးဒုက္ခ ကပ်ဆိုးကြီးမှ လွတ်မြောက် လိုစိတ်သည်....
ရှေးကထက် အဟုန်ပြင်းစွာဖြင့် ဦးဆောင်လာရာ..
တောက်!
မိမိတို့ ကံကြမ္မာ မိမိတို့ ဖန်တီး နိုင်ခွင့်အား ဖော်ဆောင်ကြိုးစားရန် တစ်တိုင်းပြည်လုံး အားယူ ရှိန်းထလျက် ရှိပေတော့သည်။

# စစ်ပြီးခေတ် ဗမာပြည်မှသည် ပြည်တော်သာ၏ခရီး




တက္ကသိုလ် တက်စဉ်က
ခင်မင်ခဲ့ရသော သူငယ်ချင်း
ပါလီမန် လွှတ်တော်
ဥက္ကဋ္ဌ ဦးနုက..
စာအုပ် မထုတ်ဝေဘဲ အသစ်
ဖွဲ့သည့် အစိုးရ အဖွဲ့တွင်
တာဝန်ယူရန် တိုက်တွန်းမှုအား
စဉ်းစားရင်း....
တစ်ဘက်တွင်လည်း မိမိ စိတ်ဝင်စား
သည့် စာပေ ထုတ်ဝေမှုအား
မစွန့်လွှတ်လိုခဲ့။


ဇူလိုင် ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်
ခေါင်းဆောင်ကြီးများ လုပ်ကြံ ခံကြရသည်။
မြန်မာပြည် လွတ်လပ်ရေး မရမီ
ငါးလအလို အသင်းဖွဲ့သော...
ဖဆပလ အစိုးရအဖွဲ့ <ဖက်ဆစ်
ဆန့်ကျင်ရေးနှင့်ပြည်သူ့လွတ်လပ်ရေး
အစိုးရအဖွဲ့ >၏ ပြန်ကြားရေး
အရာရှိအဖြစ် တာဝန်ယူခဲ့ရသည်။
GEOGRAPHY
WEATHER...
POLITIC...
LAW...
HISTORY OF...
BURMA...
LONDON...
STATE...
NATION...
MAP...
LICY...


မိမိလုပ်ချင်သော အလုပ်အား
အသာထားချ၍ တိုင်းပြည်၏
လိုအပ်နေသော တစ်ထောင့်
တစ်နေရာတွင် တာဝန်ယူခဲ့သည်။
၁၉၄၈ ခုနှစ် ဇန်နဝါရီလ
<၄>ရက်နေ့။ မြန်မာပြည်
လွတ်လပ်ပြီ။
ဦးသန့်သည်လည်း လွတ်လပ်စ မြန်မာ
ပြည်၏ ပြန်ကြားရေးဌာန လက်ထောက်
အတွင်းဝန်၊ ထိုမှ တစ်ဖန်ပြန်ကြားရေးဌာန၏
အတွင်းဝန်တာဝန်ကို ထမ်းယူရပြန်၏။


မြန်မာနိုင်ငံသမိုင်းကော်မရှင်
မြန်မာနိုင်ငံ ဘာသာပြန်စာပေ
အသင်း မြန်မာနိုင်ငံ ရုပ်ရှင်
အကဲဖြတ်အဖွဲ့ အစရှိသည့်
ပေးအပ်သည့်တာဝန်များကိုကျေပွန်စွာ
စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရာ.....
၁၉၅၄ ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနု၏
အတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း
ခံခဲ့ရသည်။


လွှတ်လပ်ပြီးစ မြန်မာပြည်တွင် တရားဥပဒေ စိုးမိုးရေး
ဒီမိုကရေစီ၏ သဘောတရားနှင့် ငြိမ်းချမ်းရေးအတွက် မြန်မာ့အသံမှ ပုံမှန် အသံလွှင့် ပြောကြားခြင်းများ ပြုခဲ့၏။
ပဥတ်ပ


မြန်မာပြည် တိုးတက်စေမည့် စီမံကိန်းများတွင် ကိုယ်တိုင် ပါဝင် ရေးဆွဲခဲ့သည်။
ထို့မျှသာမက အပစ်အခတ်ရပ်စဲရေး
စေ့စပ်ညှိနှိုင်း၍ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရေးအတွက်..
ပြည်တွင်း၌ မငြိမ်မသက် ဖြစ်စဉ် ကာလများတွင်....


မိမိအသက်အား မငဲ့ဘဲ
ရောက်လာပြီ
သတင်းပို့တော့
ရန်ကုန် နယ်မြေ အထိ သွားရောက်
ချွေးကွေးခဲ့၏။
ရောက်တော့
မယ်
တင်ပြပေး
ပါ့မယ်


ငြိမ်းချမ်းသော အခြေအနေ
များကို ကြုံတွေ့ရခြင်းက
အိမ်ပြန်မယ်...
ဖေကြီးနဲ့မေကြီးဆီ
အခုသွားမယ်
အီး!
မိုက်ချာ
အယ်
တချိန်တွင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်
ဖြစ်မည့် ဦးသန့်၊
ငြိမ်းချမ်းရေးကို တောင့်တကြသော
ကမ္ဘာ့နိုင်ငံသားများအတွက်..
ပြည်တွင်းစစ်က
ဘယ်တော့မှ
ပြီးမှာလဲဗျာ..


လူသား ပီသစွာ စာနာသော စိတ်ဖြင့်
ကူညီ ပံ့ပိုးနိုင်ရန် အထောက်အပံ့များ ပေးတော့သည်။
ဦးသန့်အား ၁၉၄၉ ခုနှစ်မှ ၁၉၆၀ ခုနှစ် အတွင်း နိုင်ငံတော် အစိုးရမှ
ဝဏ္ဏကျော်ထင်ဘွဲ့၊ သီရိပျံချီဘွဲ့၊ စည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့ အစရှိသည့် ဂုဏ်ထူးဆောင် ဘွဲ့များ အဆင့်ဆင့် ပေးအပ်နှင်းခြင်း ခံရပေ၏။
ဦးသန့်အား မြန်မာအစိုးရကသာ ဘွဲ့တံဆိပ် ဘွဲ့တံဆိပ်များ ချီးမြှင့်သည် မဟုတ်
ယူဂိုဆလပ်နိုင်ငံမှ ဘွဲ့တံဆိပ်၊ ကမ္ဘာ့ပြည်သူများအတွက် ထမ်းဆောင်ရာဝယ် အိန္ဒိယနိုင်ငံမှလည်း ဆုတံဆိပ်များ ချီးမြှင့်ခဲ့ရ၏။


အာရှတွင်းရှိ ဦးသန့်သည ထိုစဉ် အခါက
ဝန်ကြီးချုပ် သွားသော နိုင်ငံများသို့လိုက်ပါရင်း
SIRA
GL
၁၉၅၂ ခုနှစ်တွင် ကုလသမဂ္ဂ
အထွေထွေ ညီလာခံသို့
တက်ရောက်ခဲ့သည်။
ပြည်တွင်း ပြည်ပ ခရီးစဉ်များ တိုင်းပြည်၏
ပြုပြင်ပြောင်းလဲရေး ကိစ္စများနှင့်သာ
အချိန်ကုန်လျက် ရှိသည့် ဦးသန့်သည်၊
၁၉၅၇ ခုနှစ်တွင်...


ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်း မြန်မာသံအမတ်ကြီး အဖြစ် ခန့်အပ်ခြင်း ခံရလေသည်။
ယခင်က မြန်မာပြည်သူ ပြည်သားများအရေး ဆောင်ရွက်သော ဦးသန့်သည်..
ကြောမီ နှစ်များတွင်...


ကမ္ဘာ့ပြည်သူ ပြည်သားများအရေး
ဆောင်ရွက်သော ကုလသမဂ္ဂ
အတွင်းရေးမှူးချုပ် ဦးသန့် ဖြစ်လာ
လိမ့်မည်ဟု ထိုစဉ်က တွေးမိမည်မထင်


သူသည်ဇနီးနှင့် ကမ္ဘာ့တစ်ဘက်ခြမ်းရှိ
ကုလသမဂ္ဂရုံးချုပ်ရှိရာအမေရိကန်နိုင်ငံ


နယူးယောက်မြို့သို့ မိသားစုနှင့်အတူ
ခရီးတစ်ထောက် ရောက်ရလေပြီ


ငယ်စဉ်က ဖြစ်ချင်ခဲ့သော မြန်မာ့အကြောင်း
ကမ္ဘာက သိအောင် လုပ်ပိုသော..
ကိုသန့် တစ်ယောက်၊ ထိုစိတ်ကူးကို.....
MYAN
MAR
ကုလသမဂ္ဂရောက် မြန်မာ
သံအမတ်ကြီး ဦးသန့် တစ်ဖြစ်လဲ
ဆောင်ရွက်ခွင့် ရလေသည်။
တိုင်းတစ်ပါးအလုပ်ဌာနတွင်လည်း




စကားပြော ကောင်းသူ ဦးသန့်၊ ဟာသဉာဏ် ရွှင်စွာဖြင့် ကြားနာသူ မငြီးငွေ့စေဘဲ ထိထိမိမိဖြင့်လည်း နိုင်ငံတကာ ရေးရာတို့ကို ဆောင်ရွက်နိုင်ခြင်းသည်လည်း လူအများ လေးစားမှု ပိုစေခဲ့သည်။




အဝေးမှ မြန်မာ ပြည်သူများ၏ အကျိုး
ကမ္ဘာ့ပြည်သူများ၏ အကျိုးကို ဆောင်ရွက်ရင်း သံအမတ်ကြီးဦးသန့်သည်
လစ်လပ်သွားသော ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ရာထူး
<ယာယီ> နေရာအတွက် ၁၉၆၁ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ရွေးချယ်
တင်မြှောက်ခြင်း ခံရလေသည်။


ယခင်က ဂျွိနေရာဆာအား တာဝန်ယူ
ဆောင်ရွက်ခဲ့သော ဒုတိယမြောက်
ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်..
ရုတ်တရက် ကွယ်လွန်ချိန် တတိယ
ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်
ရာထူးအား အကြွင်းမဲ့ သဘောတူ
ရွေးချယ်မှုဖြင့် သံအမတ်ကြီး ဦးသန့်
ရွေးချယ် ခံရလေသည်။


ကမ္ဘာ့ လူထုကြီးအား
ဒုက္ခပင်လယ်ဝေစေခဲ့သည့်
စစ်ဘေးဒုက္ခအပေါင်းမှ ကင်းဝေး စေရန်


ကမ္ဘာ့ငြိမ်းချမ်းရေး ယုံကြုံရေးကို
ထိန်းသိမ်းစောင့်ရှောက်ရန်နှင့်
အေးချမ်းတဲ့ ကမ္ဘာတစ်ခု စုပေါင်း
တည်ဆောက်ဖို့ ဖွဲ့ထားတဲ့
ကုလသမဂ္ဂ အဖွဲ့ကြီး၏ တတိယမြောက်
အထွေထွေ အတွင်းရေးမှူးချုပ်ဦးသန့်ဖြစ်လေပြီ။


အသက် ၂၀ကျော် ကျောင်းဆရာ ဘဝကပင်
ကမ္ဘာ့နိုင်ငံပေါင်းချုပ်အသင်းကြီး အကြောင်း
အဲဒီ.. ဘုတ်အုပ်ရေးတဲ့ ကျုပ်တို့ ဆရာ လေ..
ကျောင်းအုပ်ဆရာ ဘဝဖြင့် ကျွန်ုပ်၏
ပြတင်းပေါက်မှ ခေါင်းစဉ်ဖြင့်
မြန်မာ့ ပြဿနာ ကမ္ဘာ့ ပြဿနာ
အမြာမြာတို့ အကြောင်း ကျယ်ပြန့်စွာ
ဝေဖန်သုံးသပ် ရေးသားခဲ့ဖူးသော
ကျောင်းဆရာ ဆရာဦးသိန်







စာချေးအဝို့ လက်တွေ့ ဦးဆောင်ဖြေရှင်းရေး သန်းပေါင်း
များစွာသော လူများအရေးကို ရှေ့ရှုဆောင်ရွက်လေသည်။




ဦးသန့်၏ အေးဆေး တည်ငြိမ်စွာ ပြဿနာ ဖြေရှင်းမှုများ
KENNEDY BE CAREFUL
PEACE or Perish
THE UN
အကြောင်းတရားစုံကို ရှာဖွေ၍ အကောင်းဆုံး အဖြေကို ပါဝင် ပတ်သက်သူများ အကျိုး ရှိရကာ...
ညှိနှိုင်းဆောင်ရွက်နိုင်မှုတို့တွင်..


အားကြီးလှသော မေတ္တာ
သည်းခံလှသော စိတ်
PEACE
WAR
စာနာလှသော နှလုံးသားတို့ ပေါက်
မဖြစ်နိုင် မအောင်မြင်နိုင်ပေ


အတွင်းရေးမှူးချုပ် ဘဝဖြင့် ဦးသန့် တာဝန်ယူ ဖြေရှင်းပေး ခဲ့ရသော ဆောင်ရွက်ချက် များစွာတို့တွင်....
အနောက်ပါပီရိယံ ကိစ္စ



ကွန်ဂို အရေးအခင်း
ဆိုက်ပရပ်စ် ဆူပူမှုများနှင့်..
ကျူးဘားပြဿနာတို့ ပါဝင်ခဲ့သည်။


တွေ့ဆုံ ပစ်ခတ်တော့မည့် အရေးအား
ဦးသန့်၏ ကြားဝင်ဖြေရှင်းပေး
မှုကြောင့် တတိယကမ္ဘာစစ်ကြီးသို့
ဦးတည်သွားနေသော အခြေအနေ
ဆိုးကြီးမှ ကမ္ဘာ့လူထုကြီးလွတ်ခဲ့ရသည်


တကယ် ကမ္ဘာစစ်ကြီး ဖြင့် ဖြစ်ပြီ
ပေါက်ကွဲနေတာဗျ။
ဟုတ်ပါ့ ဗျာ
အမေရိကန်ရေတပ်နဲ့ ဆိုဗီယက်
ဒုံးပျံတင် သင်္ဘောတွေ ပစ်ကြခတ်ကြ
မယ့် ဆဲဆဲပဲမျိုး ကံကောင်းလို့
ဒုတိယ
ကမ္ဘာစစ်ကတည်းက
စစ်ကိုလန့်နေတာ


တစ်ဖက်နှင့်တစ်ဖက် သောင့်မပြတ် ဖြစ်နေသော ဂရိနွယ်ဝင်ဆိုက်ပရပ်စ် များနှင့် တူရကီနွယ်ဝင်ဆိုက်ပရပ်စ်တို့ စစ်ခင်းရန် ပြင်ဆင်ချိန်တွင် ဦးသန့် အချိန်မီ တားဆီးပေးနိုင်ခဲ့သည်။
TROIKA OYT OF CYPRUS


ဆိုက်ပရပ်စ်တွင် သွေးချောင်းစီးမှု
တိုက်ခိုက်နေကြသော တူရကီနှင့်
ဂရိအနွယ်ဝင် ခေါင်းဆောင်များနှင့်
ညှိနှိုင်း
ဆွေးနွေးခဲ့ပါ
တယ်


ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေး
တပ်ကိုလည်း စေလွှတ်၍
အခြေအနေကိုထိန်းစေခဲ့သည်။
UN


ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အဖြစ် ရာထူး နှစ်ကြိမ်။ ဆယ်နှစ်ခန့် တာဝန် ထမ်းရာ....
လူသားအကျိုး အတွက် များစွာ ဆောင်ရွက်ခဲ့သည်။


ငြိမ်းချမ်းရေးကို မြတ်နိုးသော ဦးသန့်သည်၊ ပြဿနာများကို အတ္တစွဲ ကင်းကင်းဖြင့်
သမာ သမတ်ကျစွာ ရှုမြင် သုံးသပ်ပြီး အကောင်းတရားများ ဖြစ်ထွန်းရေးအတွက်
ဦးတည် ဆောင်ရွက်ခဲ့သည်။
ကမ္ဘာကြီး ငြိမ်းချမ်းပါစေ..


ဦးသန့်၏ စွမ်းဆောင်မှုအား ကမ္ဘာ့နိုင်ငံများမှ အသိအမှတ် မပြုဘဲ မနေနိုင်။
ထို့ကြောင့်ပင် ဦးသန့်သည်၊ ကမ္ဘာတဝန်း၌ တက္ကသိုလ် အသီးသီးမှ ဒေါက်တာဘွဲ့ပေါင်း ၃၅ဘွဲ့ ချီးမြှင့် ခံရ၏။
အားကျ လိုက်တာ


အတွင်းရေးမှူးချုပ် တာဝန်
ဆောင်ရွက်ရာတွင်...
စိတ်ကြောင့် ဒုက္ခပင်လယ်
ဝေကြရမည့်၊
အား! နာတယ်


လူသားများကိုယ်စား ပြောဆို၏။
ဦးသန့်ပြောတာ မှန်တယ်


အမေရိကန်နှင့် ဗီယက်နမ်အကြား ဖြစ်ပွားသော စစ်ပွဲတွင်
နှစ်ဖက်သေကြေမှု ချင်စွာရပ်ရန် အစွမ်းကုန် အားထုတ်၏။


စစ်၏ အနိဋ္ဌာရုံနှင့်
အား!
သံဝေဂရစေရန်လည်း အစွမ်းကုန် ကြိုးပမ်း၏။
ချွတ်.. ချွတ်
ဟားဟား ဟား


ထာဝရ လိုအပ်နေသော
ငြိမ်းချမ်းရေး
END THE WAR NOW!
BRING THE TROOPS HOME
WAR IS HELL


လွတ်လပ်ရေး
တရားမျှတမှု
အတွက်ကို
လည်းကောင်း


အပြုသဘောဆောင်သော
လုပ်ငန်းများအတွက်လည်းကောင်း
ကလေးလေး
ကျန်းမာသွား
ပြီ


တိုင်းပြည်များ၏ သယံဇာတပစ္စည်းနှင့်
စွမ်းအားတို့ကို သုံးစေရန်။


စစ်နှင့်ငြိမ်းချမ်းရေးကို တွေးပူတတ်ရန်။


ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့်
နှလုံး စိတ်ဝမ်း ငြိမ်းချမ်းကြပါစေ
ညီညွတ်ရေး ရှိအောင် မပြော့တမ်း ကြိုးပမ်းဆောင်ရွက် မှသပဥပါဒါရာ..

## ၁၉၆၇

နှစ်သစ် သဝဏ်လွှာသည်၊ ကမ္ဘာ့ပြည်သူများ စိတ်အာရုံရာမှ ကင်းဝေးပိုသည့်၊ ဦးသန့်၏ ပြင်းပြသည့် ဆန္ဒအား လှစ်ဟ ဖော်ပြရာလည်း ရောက်နေသည်။




ချစ်စွာသောဖခင်နှင့် ချစ်ရသော
မြန်မာပြည်နှင့်ဝေးကွာသောကာလ
မြန်မာပြည်ကြီးအား နေ့စဉ် သတိရလျက် ရှိနေ၏။


ရွှေတိဂုံ စေတီတော်မြတ်အားလည်း
စိတ်ဖြင့် မျှော်မှန်း ဖူးမြော်၏။
ငြိမ်းချမ်းရေးအတွက်
ဆုတောင်း မေတ္တာ
ပို့ကြစို့


မြန်မာပြည်သို့ ခေတ္တအလာ
မြတ်ရွှေတိဂုံထံ တောင်းသည့်ဆုပင်
မြန်မာပြည်သူပြည်သားနှင့် ကမ္ဘာသူ
ကမ္ဘာသားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ
ချမ်းသာ စေဖို့ပင်



ကုလသမဂ္ဂ တာဝန်များ ပြီးဆုံး၍ ရာထူးမှ
အနားယူချိန်တွင် မြန်မာပြည်သို့ ပြန်လိုလှသော
ဦးသန့်၏ ဆန္ဒသည် မပြည့်ဝခဲ့ပေ။

# ပန်းပျိုးလက်၏မျိုးဆက်အမွေ




၁၉၇၄
ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့တွင်
နယူးယောက်မြို့ရှိ ဆေးရုံတွင်
ကင်ဆာရောဂါဖြင့်ကွယ်လွန်ခဲ့သည်။
သတင်း ရှိ
ပါသည်။
!
အို!
ဟာ!
နေမယ်ဆိုလည်း
နေလို့ရမယ့်
အရွယ်ပေပဲ
နှမြောလိုက်
တာ




လူသားအားလုံးတို့၏ လွတ်လပ်ခွင့်နှင့် ငြိမ်းချမ်းစွာ နေခွင့်အတွက်
အစဉ် တာဝန် ကြိုးစားခဲ့သူ။


စေတနာ သဒ္ဓါတရား
ထက်သန်၍ ကုသပြိမ်
လေးနက်သူ
စိတ်နှလုံး
ဖြောင့်မြတ်သူ
ပါ




ကျောင်းဆရာအဖြစ် အခန်းယူတုန်းက ဦးသန့်ပြောတာ သဘော
သဘောကျတယ် ● တပည့်တို့ လူတော် လူကောင်း ဖြစ်အောင်
ကြိုး စားကြပါ။ လူတော် ဖြစ်ချင်တောင်မှ လူကောင်းဖြစ်အောင်
ကြိုးစားကြပါ။ ဒီနေ့ တို့နိုင်ငံမှာ လူတော်လည်းသိပ်ရှားတယ်၊







ဦးသန့်၏ ရုပ်ကလာပ်ကို အမေရိကန်နိုင်ငံမှ
မြန်မာနိုင်ငံသို့ ပြန်လည်သယ်ယူလာခဲ့ပြီး
ပြည်သူလူထု၏ ဆန္ဒအရ နောက်ဆုံးတွင်
ရွှေတိဂုံဘုရားလမ်းရှိ မိဖုရား စုဖုရားလတ်
အုတ်ဂူဘေးတွင် ဂူသွင်း သင်္ဂြိုဟ်ခဲ့သည်။
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း
ဦးသန့်
အသက်(၆၅)နှစ်
(၂၅-၁၁-၇၄)
နေ့တွင်ကွယ်လွန်သည်
ဦးသန့် ဗိမာန်
U THANT MAUSOLEUM

# ကလေးတို့ရေ မှတ်မိသမျှ ဦးသန့် အကြောင်းလေး စဉ်းစားကြည့်ကြစို့လား

- ပထမဆုံးအနေနဲ့ မောင်သန့်လေးကို ဖွားမြင်ပေးခဲ့တဲ့ မိဘတွေနဲ့ ဖွားမြင်ခဲ့တဲ့ဒေသကို မှတ်မိကြလားကွယ်။





- ပြီးတော့ မောင်သန့်လေးဟာ အလယ်တန်းပညာကို ဘယ်ကျောင်းမှာ သင်ယူခဲ့သလဲ။

- မောင်သန့်လေးဟာ ဘာကြောင့် စာပေကို ဝါသနာပါတာလဲ။





- ကလေးတို့ရော မောင်သန့်လေးဆီက ဘာတွေကို သင်ယူမိကြသလဲကွယ်။

- တက္ကသိုလ်ကျောင်းသား ကိုသန့်ဆီက ကလေးတို့ရော ဘယ်လိုသင်ခန်းစာတွေရလိုက်သလဲ။





- တက္ကသိုလ်ကျောင်းသားကြီး ကိုသန့်တစ်ယောက် ဥပစာတန်းအပြီး ဘာဖြစ်လို့ သူ့မြို့ကို ပြန်လာတာလဲ။



- ကျောင်းဆရာကိုသန့်အဖြစ်နဲ့ ဘဝမှာရော ဘာတွေကို လုပ်ခဲ့သလဲ။



- ဦးသန့် မြန်မာပြည်သူတွေနဲ့အတူ ဖြတ်သန်းခဲ့ရတဲ့ ခရီးကြမ်းကိုပြောပြပေးပါလားကွယ်။

- ဦးသန့်ဘာဖြစ်လို့ ငြိမ်းချမ်းရေးကို မြတ်နိုးတယ်လို့ ထင်ပါသလဲ။





- ဦးသန့်ဘယ်လိုစာအုပ်မျိုးတွေ ထုတ်ဝေခဲ့လဲ၊ ဦးသန့်ကိုရော နိုင်ငံတကာက ဘယ်လိုဘွဲ့ထူး ဂုဏ်ထူးတွေပေးခဲ့သလဲ။



- ကလေးတွေအနေနဲ့ မောင်သန့်၊ ကိုသန့်၊ ဦးသန့်တို့ဆီကနေ ဘာတွေ သင်ယူမိသလဲ။



- နောက်ဆုံးအနေနဲ့ ကလေးတွေရော စာဖတ်သူရော ရရှိတဲ့သင်ခန်းစာတွေကို ဘဝမှာ ဘယ်လို လက်တွေ့ အကောင်အထည်ဖော် အသုံးချမလဲ။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အောက်ပါစာအုပ်များကို ကိုးကား မှီငြမ်းခဲ့ပါသည်။


- အထောက်တော် လှအောင်၊ "ဗမာ့ ဦးသန့်"၊ ရတနာပုံ စာအုပ်တိုက်၊ မတ်လ ၂၀၁၀။
- မောင်ဇေယျာ၊ "ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့် (၁၉၀၉ - ၁၉၇၄)" ၊ ပဉ္စဂံ စာပေ၊ အောက်တိုဘာလ ၊၂၀၁၂။
- စိန်ဝင်းစိန်၊ "မြန်မာသံတမန် တစ်ဦး၏ ကမ္ဘာ့အမြင်" ၊ ပဉ္စဂံ စာပေ၊ မတ်လ ၂၀၁၄။
- ခွန်ဂျာမိုင်း၊ "ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်" ၊ အားမာန်သစ် စာပေ၊ အောက်တိုဘာလ ၂၀၀၁။
- ဦးသန့် ၊ "ဗမာသစ်နှင့် ပညာသစ် " ၊ ပဉ္စဂံ စာပေ၊ မေလ ၂၀၁၄။
- ဦးသန့် ၊ " ပြည်တော်သာ ခရီး" ၊ ပဉ္စဂံ စာပေ၊ မေလ ၂၀၁၄။
- ဒေါ်အေးအေးသန့်၊ " One World (Vision of U Thant)" ၊ U Thant Institute ၊၂၀၀၅
- "U Thant Of Burma" ၊ The Camelot Press Ltd., London and Southampton ၊ 1996, June
- ကုလသမဂ္ဂ သတင်းအချက်အလက်နှင့်ဓါတ်ပုံများအား United Nations Information Centre မှလည်းကောင်း။

## ဦးသန့် ရရှိခဲ့သော ဂုဏ်ထူးဆောင်ဘွဲ့စာရင်း

- ဂဏ္ဍကျော်ထင်ဘွဲ့ (၁၉၄၉)
- သီရိပျံချီဘွဲ့ (၁၉၅၃)
- ယူဂိုဆလပ်တံခွန် ဘွဲ့တံဆိပ် (၁၉၅၅)
- စည်သူဘွဲ့ (၁၉၅၇)
- **မဟာ သရေစည်သူဘွဲ့ (၁၉၆၀)**
- နေရူးဆု (၁၉၆၆)
- ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်အသီးသီးက (LLD) ဒေါက်တာဘွဲ့ ၃၅ ဘွဲ့ ချီးမြှင့်ခဲ့။





၁။ "လူသည် တစ်သက်လုံး ပညာသင်ကြားလျက်ရှိသည်။ သေမှသာလျှင် လူ့လောက ကျောင်းကြီးမှ ထွက်ရတော့သည်။ ထို့ကြောင့် ငါတော့ ဘယ်အတန်းအောင်ပြီ၊ ပညာသင်တာလဲပြီးပြီ၊ နောက်ဆက်ပြီး ပညာရှာရန်မလို" ဟူသော စကားသည် ပညာစိုးစဉ်းမျှ မရှိသော လူ့ပေါ်ကြော့တို့၏ စကားသာလျှင် ဖြစ်ပေ၏။

ဦးသန့်

၂။ "အကျင့်စာရိတ္တ ကောင်းမွန်ရေးသည် ပညာရေးပေါ်တွင် တည်သဖြင့် စာသင်ကျောင်းတို့သည် ထိုကိစ္စတွင်များစွာ အရေးပါ အရာရောက်ပေသည်။"

ဦးသန့်

၃။ "စစ်ပွဲများသည် လူတို့၏ စိတ်အစဉ်ကြောင့် အစပြုလာရသည်။ လူ့စိတ်တွင် မေတ္တာ ကရုဏာတရားရှိမှသာ ငြိမ်းချမ်းရေးအတွက် အကာအကွယ် ဖြစ်ပေမည်။"

ဦးသန့်

## ပြုစုခဲ့သော စာအုပ်များ

- မြို့ပြပုံပြင်များ ၁၂ အုပ်(၁၉၃၄)
- နိုင်ငံပေါင်းချုပ် အသင်းကြီး ကျောင်းသုံးစာအုပ် (၁၉၃၄)
- ဗမာသစ်နှင့် ပညာသစ် (၁၉၅၄)
- ပြည်တော်သာခရီး ၃တွဲ (၁၉၆၁)



- ဦးသန့်၏ စာ (၁၉၆၇)
- ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်နေစဉ် ဟောပြောခဲ့သော မိန့်ခွန်းများနှင့် ရေးသားချက်များကို လုံးချင်းအဖြစ်
- Toward World Peace : Speeches and Public Statements (1957 – 1963)
- Portfolio for Peace (1970)
- View from the UN : the Memoirs of U Thant (1978)







မြန်မာမှကမ္ဘာ့

# ဦးသန့်

THE NIPPON FOUNDATION

Moving Forward TOGETHER

ISBN 978-99971-863-2-4

အသိပညာတိုးတက် ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် အခမဲ့ထုတ်ဝေ ဖြန့်ချိပါသည်။
အခကြေးငွေဖြင့် ရောင်းချခြင်း မပြုပါ။